အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

၂၀၀၈ ခုနှစ်၊ မေလ (၆)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇) ရက်

အထူးကြေညာချက်-၈/၀၅/၀၈

၂၀၀၈ခုနှစ်၊ မေလ (၂) ရက်နှင့် (၃) ရက်နေ့တွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့သော နာဂစ် မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်သူများ သိန်းဂဏန်းခန့်ချီ၍ သေဆုံး ဒဏ်ရာရခြင်း၊ အများအပြား ပျောက်ဆုံးနေခြင်း၊ ရေ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးများ မကြုံစဖူး ပြတ်တောက်ခြင်း၊ စားဝတ်နေရေး စရိတ်စကများ အဆမတန် လွန်စွာမြင့်မားလာခြင်း၊ ကျန်းမာရေးများ ပိုမိုဆိုးဝါးလာခြင်း စသည့်တို့အပြင် တိုင်းပြည်၏ အခြေခံအဆောက်အအုံများ (Infrastructure) ဆိုးရွားစွာ ပျက်စီးဆုံးရှုံးရခြင်းတို့ကို တွေ့မြင် ကြားသိနေရပါသည်။ ယခုကဲ့သို့ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်နစ်နာခဲ့ရသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွန်စွာ စိတ်ထိခိုက်ရပါသည်။

ပြည်သူလူထုအနေဖြင့် စားဝတ်နေရေး အကြပ်အတည်းများနှင့် နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေမျိုး တွင် ယခုကဲ့သို့ ပြင်းထန်သော သဘာဝဘေးဒဏ်ကို ထပ်မံ ကြုံတွေ့ခံစားရခြင်းသည် ဘူးလေးရာ ဖရုံဆင့်သကဲ့သို့ ပြည်သူလူထုအား နက်ရှိုင်းသော ဆင်းရဲဒုက္ခအတွင်းသို့ သက်ဆင်းစေပါသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအနေဖြင့် မိမိတို့ စည်းရုံးရေး နယ်မြေအလိုက် ပြည်သူလူထုနှင့်အတူ ပူးပေါင်းလက်တွဲပြီး လမ်းပန်းဆက်သွယ်ရေးအတွက် ဝိုင်းဝန်းရှင်းလင်းပေးခြင်း၊ ရေ မီးတို့ကို ဖြည့်ဆည်းပေးခြင်း၊ စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းတို့ကို လှူဒါန်းပေးခြင်း၊ ကျန်းမာရေး ကူညီစောင့်ရှောက်ပေးခြင်း စသဖြင့် တတ်စွမ်းသမျှ ငွေအား ပစ္စည်းအား လုပ်အားတို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါသည်။

အဆိုပါ ပြည်နယ်တိုင်းတို့အား သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် အာဏာပိုင်တို့က ကြေညာခဲ့သော်လည်း ယခုအချိန်ထိ သက်ဆိုင်ရာ အာဏာပိုင်များက သဘာဝဘေးဒဏ် ခံစားနေကြရသော ပြည်သူလူထုအား လက်တွေ့တွင် ထိရောက်စွာ ကူညီပေးသည်ကို တွေ့မြင်ရခြင်း မရှိသေးပါ။ သဘာဝဘေးဒဏ် ခံစားနေကြရသော ပြည်သူလူထုထံသို့ လိုအပ်သည့် အကူအညီများကို အချိန်နှင့် တပြေးညီ ဒေသလျော်စွာ အမြန်ဆုံး မရောက်ရှိပါလျှင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များမှာ အချိန်နှင့်အမျှ တနေ့တခြား ပိုမိုဆိုးဝါးပျက်စီး ဆုံးရှုံးစေပါသည်။ ဤဘေးဒုက္ခကြီး ဆိုက်ရောက်နေချိန်တွင် ပြည်သူလူထု၏ လူမှုဘဝ ဒုက္ခများကို အရေးမထားဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းအတွက် ဆန္ဒခံယူပွဲကိုသာ အလေးထားပြီးဆောင်ရွက်နေသည်မှာ လွန်စွာ ဝမ်းနည်းဖွယ်ရာ ဖြစ်စေပါသည်။

<u>ထို့ကြောင့် ပြည်သူလူထု၏ အတိဒုက္ခများကို ထောက်ထားညာတာ၍ အခြေခံအဆောက်အအုံများကို လျင်မြန်စွာပြန်လည်တည်ဆောက်ရန်နှင့် ပြည်သူလူထု၏ အခက်အခဲများကို ပံ့ပိုးပေးရန်အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီများကို အမြန်ဆုံး လိုအပ်လျက်ရှိကြောင်း ပြည်သူတို့ကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးမေတ္တာရပ်ခံ ပန်ကြားလိုက်ပါသည်။</u> သာမန်ကာယ်ဆယ်ရေးလုပ်ငန်းများဖြင့် ဤအမျိုးသား အကြပ်အတည်းကြီးကို မည်သို့မျှ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ဤနိုင်ငံတကာအကူအညီများကို လေဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူများလက်ဝယ်သို့ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ရောက်ရှိစေရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးနက်စွာ ကြေညာလိုက်သည်။

၅-၀၅-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့